AASYC

ALL ARAKAN STUDENTS’ AND YOUTHS’ CONGRESS

**ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များကွန်ဂရက်**

P.O. Box - 178, Tak - 63110, Mae Sod, Thailand. E-mail: aasyc.hq@gmail.com

# ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက် (ရကလက) မှ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ) တည်ထောင်ခြင်း နှစ်(၃၀)ပြည့် မွေးနေ့ပွဲသို့ ပေးပို့သည့် သဝဏ်လွှာ

သဝဏ်လွှာအမှတ် ၀၁/၂၀၀၆
ကဆုန်လဆန်း (၁၄) ရက်၊ ၁၃၆၇ ခုနှစ်

ယနေ့ကျရောက်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)၏ တည်ထောင်ခြင်း နှစ်(၃၀)ပြည့် မွေးနေ့ပွဲ အခမ်းအနားသို့ ကျနော်တို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက် (ရကလက)မှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပေးပို့အပ်ပါသည်။ (မဒတ) အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုသည် ၁၉၇၆–ခုနှစ် မေလ(၁၀)ရက်နေ့မှသည် ယနေ့ ၂၀၀၆–ခုနှစ် မေလ(၁၀)ရက်နေ့တွင် နှစ်(၃၀)ပြည့် ဟူသော တော်လှန်ရေး၏ မှတ်တိုင်တစ်ရပ်ကို အားမာန်အပြည့်ဖြင့် စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ ဖြတ်သန်းလာခဲ့သော တော်လှန်ရေးခရီးတစ်လျှောက်တွင် ကျဆုံးသွားခဲ့သော အာဇာနည်အထောင်အသောင်းတို့ကိုလည်း ဤသဝဏ် လွှာဖြင့် ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)သည် အဖိနှိပ်ခံ ပြည်သူတရပ်လုံး၏ အကျိုးစီးပွါးကို ကိုယ်စားပြု၍ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကို ရှေ့ဆောင်သည့် တပ်ပေါင်းစုဖြစ်သကဲ့သို့ စစ်ဗျူရိုကရက် အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒကို ဆန့်ကျင်ပြီး ဒီမိုကရေစီလမ်းစဉ်ကို ကျင်းသုံးကာ တိုက်ပွဲဝင်ခဲ့သလို တရားသော တော်လှန်စစ်ကိုဆင်နွှဲရာတွင် ဖိနှိပ်ခံနေရမှုနှင့် ရည်မှန်းချက်တူ သည့်အပေါ်တွင် တပ်ပေါင်းစုဖြင့် အောင်ပွဲရယူလျှင် ပိုမိုမြန်ဆန်မည်ဟူသော ခံယူချက်၊ ယုံကြည်ချက်သည် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု(မဒတ)၏ တပ်ပေါင်းစုလက္ခဏာ အသွင်အပြင်ကို ထင်ရှားစွာပေါ်လွင်စေခြင်းပင်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအားလုံး အဖိနှိပ်ခံဘဝမှလွတ်မြောက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေးနှင့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စု ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းနေခြင်းသည်ပင် မြန်မာပြည်သူတရပ်လုံး စစ်မှန်သော လွတ်လပ်မှုကို အပြည့်အဝရရှိစေလိုခြင်းနှင့် ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ်အမျိုးသားခရီးပန်းတိုင်ကို ရောက်ရှိအောင် တက်လှမ်းနေခြင်းသာဖြစ်သည်။ ထိုသို့ ခရီးလှမ်းရာတွင် ***“လှေခွက်ချည်းကျန် အလံမလှဲ”*** စိတ်ဓါတ်ဖြင့် အောင်လမ်းကို မှန်းမျှော်လျှက် ချီတက် တိုက်ပွဲဝင်နေခြင်းသည် ဂုဏ်ယူ ဝမ်းမြောက်စရာပင်ဖြစ်ပါသည်။

ကျနော်တို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက်မှ အလေးအနက်ခံယူသည်မှာ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု အနေဖြင့် ယနေ့ကျရောက်သော နှစ်(၃၀)ပြည့်မွေးနေ့မှသည် နောင်လာမည့် အနာဂါတ်တွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုမှ ရည်မှန်း သည့် ဒီမိုကရေစီအောင်ပွဲသို့ ချီတက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းယင်းနှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)၏ အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးများလွတ်မြောက်ရေး၊ ဒီမိုကရေစီရရှိရေး၊ မဟာလူမျိုးကြီးဝါဒတိုက်ဖျက်ရေး၊ စစ်အာဏာရှင်စနစ်တိုက်ဖျက် ရေး ဘုံလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် လက်တွဲသွားမည်ဖြစ်ကြောင်း ဤနှစ်(၃၀)ပြည့် မွေးနေ့သဝဏ်လွှာနှင့်အတူ ပေးပို့အပ်ပါသည်။

**“စစ်အာဏရှင်စနစ်အပြီးတိုင် ချုပ်ငြိမ်းစေရမည်။ တော်လှန်ရေးအောင်ပွဲခံရမည်။”**

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များကွန်ဂရက် (ရကလက)
ဗဟိုဌာနချုပ်၊ တော်လှန်ရေးနယ်မြေ